# Dd

**Cry** (ကရိုင်း) ငိုသည်

To **cry** means to shed tears and express pain. The child was **crying** as he had fallen down.

ငိုသည် ဆိုသည်မှာ နာကျင်မှုကြောင့် ဖြစ်စေ၊ မျက်ရည်ကျ၍ ဖော်ပြသော အမူအရာဖြစ်သည်။ ကလေးသည် လဲကျသဖြင့် ငိုနေသည်။





**Cupboard** (ကတ်ဘတ်ဒ်) ဘီရို

A **cupboard** is a piece of furniture with a door and shelves. It is used to store items.

ဘီရို ဆိုသည်မှာ အိမ်ထောင်ပရိဘောဂ တစ်မျိုးဖြစ်ပြီး ဗီရိုတွင် တံခါး၊ စင်များ ပါဝင်ပြီး အထပ်လိုက် သိမ်းဆည်းရာတွင် သုံးသည်။



**Dance** (ဒန့်စ်) ကသည်

To **dance** is to move our body to music. Jones and Alisha are dancing.

ကသည်ဆိုသည်မှာ ခန္ဓာကိုယ်ကို ဂီတသံစဉ်နှင့်အညီ ယိမ်းနွဲ့လှုပ်ရှားခြင်းကို ဆိုလိုသည်။ ဂျုန်း (Dones) နှင့် အလီရှာ (Alisha)တို့ ကနေကြသည်။




**Day** (ဒေး) နေ့

A **day** is a period of time. There are twenty-four hours in a **day**. Monday, Tuesday, Wednesday, Thursday, Friday, Saturday & Sunday are the seven days that makes a week.

နေ့ သည် အချိန်ကာလဖြစ်သည်။ တစ်နေ့တွင် (၂၄) နာရီရှိသည် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တို့မှာ တစ်ပတ်အတွင်းရှိ နေ့ရက်များ ဖြစ်သည်။

**Deer** (ဒီးယား) သမင်

A **deer** is an animal with four legs and horns. **Deer** live in forests.

သမင် ဆိုသည်မှာ ခြေ (၄) ချောင်းနှင့် ဦးချိုပါရှိသော သတ္တဝါဖြစ်သည်။ သမင် သည် တောတွင်းနေ သတ္တဝါဖြစ်သည်။





**Dentist** (ဒင်းတစ်စ်) သွားဆရာဝန်

A **dentist** is a doctor who looks after people's teeth.

သွားဆရာဝန် ဆိုသည်မှာ လူတို့၏ သွားများကို ကြည့်ရှုကုသပေးရသော ဆရာဝန်ကို ခေါ်သည်။